ISP Outlook No.01

March 17, 2026

# နေပြည်တော်လိုဂျီ ဆန်းစစ်မြင်ကွင်း

## အုပ်စိုးမှုစနစ် ဣက္ကရိယာပုတ်အပြောင်းအလဲနှင့် စောင့်ကြည့်ရမည့် ဟန်ချက်လေးရပ်



## ■ မိတ်ဆက်

ISP Outlook (**ISP ဆန်းစစ်မြင်ကွင်း**) ကဏ္ဍသစ်ကနေ ကြိုဆိုပါတယ်။ ISP-Myanmar က လေ့လာနေတဲ့ သုတေသနနယ်ပယ်တွေနဲ့ ဆက်စပ်ပြီး နောင်လာမယ့် သုံးလကနေ ခြောက်လအတွင်း ဘယ်အကြောင်းအချက်တွေကို မှန်းချင့်မြော်မြင်ပြီး အဓိကအာရုံထားသင့်တယ်ဆိုတဲ့ ဆန်းစစ်သုံးသပ်ချက်ကို ဒီကဏ္ဍမှာဖော်ပြဖို့ ရည်ရွယ်ပါတယ်။ ISP-Myanmar က အထူးပြုလေ့လာနေတဲ့ **ပဋိပက္ခ၊ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးရာလေ့လာမှု၊ တရုတ်-မြန်မာ ဆက်ဆံရေးလေ့လာမှု၊ ပဋိပက္ခစီးပွားရေးလေ့လာမှု၊ နေပြည်တော်လိုဂျီခေါ် အုပ်စိုးသူများနဲ့ အုပ်စိုးမှုစနစ်အကြောင်းလေ့လာမှု၊ ဖက်ဒရယ်စနစ်ကစလို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လေ့လာမှုနဲ့ လူမှုစီးပွားဘဝလေ့လာမှု**ဆိုတဲ့ သုတေသနနယ်ပယ်အကြောင်းအရာတွေနဲ့ ဆက်စပ်ပြီး တင်ပြမှာဖြစ်ပါတယ်။

ISP ဆန်းစစ်မြင်ကွင်းကဏ္ဍဟာ အနာဂတ်အတွက် ဟောကိန်းထုတ်ဖို့ မဟုတ်ပါဘူး။ အထောက်အထားသစ်တွေနဲ့ လတ်တလောပုံပေါ်လာတဲ့ ဦးတည်လမ်းကြောင်းတွေကို ဖော်ပြပါမယ်။ အချက်အလက်အသစ်တွေနဲ့ လမ်းကြောင်းတွေရဲ့ အဓိကမောင်းနှင်အားတွေက ဘာလဲ၊ ရှိရင်းစွဲပေးထားချက် နောက်ခံ အခြေအနေတွေအောက်မှာ မောင်းနှင်အားတွေ၊ မဏ္ဍိုင်တွေအချင်းချင်း ဘယ်လို အပြန်အလှန် အညမညပြုပြီး အခြေအနေသစ်တွေ ဖန်တီးနိုင်မလဲဆိုတာ ပိုင်းခြားစိစစ်ပြမှာဖြစ်ပါတယ်။ ငန်းနက်ပေါ်တယ်လို့ တင်စားကြရတဲ့ မျှော်လင့်မထားနိုင်တဲ့ ဖြစ်တန်ခြေတွေကစလို့ ရှုပ်ထွေးတဲ့ဖြစ်တန်ခြေတွေကို ဖြေထုတ်ပြပြီး မဟာဗျူဟာမူဝါဒဆိုင်ရာ အကျိုးသက်ရောက်နိုင်ခြေတွေကို ဆန်းစစ်ပြပါမယ်။ ဆီလျော်ရင်လျော်သလို အာရုံစိုက်သင့်တဲ့ လမ်းကြောင်းလားရာတွေ၊ အန္တရာယ်နဲ့ အခွင့်အလမ်းတွေ၊ မူဝါဒဆိုင်ရာ ပြင်ဆင်သင့်တာတွေကို အကြံပြုဆွေးနွေးဖို့ ရည်ရွယ်ပါတယ်။ ISP-Myanmar ရဲ့ပွဲဦးထွက် ဆန်းစစ်မြင်ကွင်း (ISP Outlook) အမှတ်-၁ မှာ နေပြည်တော်လိုဂျီ သုတေသနနယ်ပယ်က အကြောင်းအရာကို တင်ဆက်ထားပါတယ်။ **ISP Naypyitawlogy Outlook - နေပြည်တော်လိုဂျီ ဆန်းစစ်မြင်ကွင်း** ဖြစ်ပါတယ်။ ဖတ်ရှုသုံးသပ်ပြီး ဝေဖန်အကြံပြုကြဖို့ ဖိတ်ခေါ်ပါရစေ။

ISP-Myanmar က အထူးပြုလေ့လာနေတဲ့ သုတေသနနယ်ပယ်တွေနဲ့ ဆက်စပ်တာတွေကို အခြေပြုပြီး (၁) Tracker (၂) Situation Brief (၃) Policy Brief (၄) Flash Update (၅) ISP OnPoint (၆) The State of Myanmar (၇) **'ISP နှင့်အတူ မိနစ် ၃၀' ဆွေးနွေးမှုအစီအစဉ်** စတာတွေကိုလည်း စဉ်ဆက်မပြတ် ထုတ်ဝေဖြန့်ချိနေပါတယ်။ ဒါတွေကို ISP-Myanmar **ရဲ့ ဝက်ဘ်ဆိုက်**မှာ ဝင်ရောက်လေ့လာနိုင်ပါတယ်။

ISP Outlook No. 01 | March 17, 2026

# နေပြည်တော်လိုဂျီ ဆန်းစစ်မြင်ကွင်း

## အုပ်စိုးမှုစနစ် ဣရိယာပုတ်အပြောင်းအလဲနှင့် စောင့်ကြည့်ရမည့် ဟန်ချက်လေးရပ်

### ■ အနှစ်ချုပ်

စစ်အာဏာရှင်ဟောင်းကြီးဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ သူ့လို စေတလုံးအာဏာရှင်မျိုး နောက်ထပ်ပေါ်မလာအောင် ၂၀၁၀ ရွေးကောက်ပွဲကတဆင့် ‘တပ်မတော်-ကြံ့ခိုင်ရေးပါတီ ပူးတွဲအုပ်ချုပ်ရေး’ဆိုတဲ့ စပ်ကြားအင်စတီကျူးရှင်းစနစ်ပုံစံကို သွတ်သွင်းဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကတော့ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲကတဆင့် သူ့ရဲ့ ပုဂ္ဂိုလ်ရေးအာဏာရှင်စနစ်ကို သက်ဆိုးရှည်အောင် ဆွဲဆန့်နေတာ တွေ့ရပါတယ်။ အရပ်ဘက်ပြောင်းဖို့ ကြံရွယ်ပြင်ဆင်နေတဲ့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ သူ့အာဏာစက် ခိုင်မာစေဖို့အတွက် တပ်မတော်၊ အစိုးရ၊ လွှတ်တော်နဲ့ ကြံ့ခိုင်ရေးပါတီဆိုတဲ့ အုပ်စိုးမှုစနစ်ရဲ့ အဓိကထောက်တိုင်လေးခုကို ပိုင်ပိုင်နိုင်နိုင် လွှမ်းမိုးထိန်းချုပ်ထားနိုင်မလားဆိုတာ အရေးတကြီး ဆန်းစစ်ရမယ့် မေးခွန်းပဲဖြစ်ပါတယ်။ ဒီထောက်တိုင်လေးခုမှာ ဘယ်သူတွေက ပလေယာတွေ ဖြစ်လာမလဲ၊ ဘယ်သူ့ကို ဘယ်နေရာမှာ ချထားမလဲဆိုတဲ့ ဇာတ်ကောင်အခင်းအကျင်း (actor mapping) ဟာ အရေးကြီးပါတယ်။ တပ်မတော်မှာ လက်ရှိ ဒုချုပ်ဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (ဒါမှမဟုတ်) တလောကမှ ကြည်းချုပ်အဖြစ် ခန့်အပ်ခံခဲ့ရတဲ့ ဗိုလ်ချုပ်ကြီးရဲဝင်းဦးသာ တပ်ချုပ်ဖြစ်လာရင် စတုတ္ထမျိုးဆက်အရာရှိကြီးတွေအနေနဲ့ တပ်အနာဂတ်ကို စိတ်တိုင်းကျပုံဖော်ဖို့ ခက်သွားပါမယ်။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ တပ်ကို စိတ်တိုင်းကျစီစဉ်၊ အရပ်ဘက်ကူးပြောင်းလို့ သမ္မတတာဝန်ကို ယူမယ်ဆိုရင်တောင် ဦးမင်းအောင်လှိုင်အတွက် အခက်အခဲကြုံနိုင်ခြေရှိတာက လွှတ်တော်များနဲ့ ကြံ့ခိုင်ရေးပါတီဆိုတဲ့ ထောက်တိုင်နှစ်ရပ်ကို ဘယ်လို ထိထိရောက်ရောက် ထိန်းချုပ်မလဲဆိုတာပါပဲ။ မသေချာမရေရာမှုတွေ ပြည့်နှက်နေတဲ့ အုပ်စိုးမှုစနစ် အထိုင်အထ အပြောင်းအလဲမှာ တရုတ်နိုင်ငံရဲ့ အခန်းကဏ္ဍဟာ ခန့်မှန်းရခက်ပေတဲ့ ဝင်ပါလာရင် အကျိုးဆက်ကြီးပြီး ဟန်ချက်ပျက်စေနိုင်တဲ့ အကြောင်းအချက်တခုဖြစ်တယ် ဆိုတာကိုလည်း သတိမူရမှာဖြစ်ပါတယ်။

## ■ အထောက်အထားနှင့် ပေါ်လွင်လာသည့် ဦးတည်လမ်းကြောင်း

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်က မြန်မာစစ်ကော်မရှင် နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေနဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖောင်ကက်ကရှော့တို့ တွေ့ဆုံရာမှာ မြန်မာစစ်တပ်ခေါင်းဆောင်ပိုင်းမှာ အပြောင်းအလဲရှိမယ်လို့ ထုတ်ဖော်ပြောဆိုခဲ့ပြီး ဒါကိုလည်း ကာလုံ (အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ)ပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းက အတည်ပြုခဲ့ပါတယ်။ ဒါကြောင့် လက်ရှိစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်ချုပ်တာဝန်ကနားပြီး အစိုးရသစ်ရဲ့နိုင်ငံတော်သမ္မတအဖြစ် ဆောင်ရွက်မလားဆိုတဲ့ ခန့်မှန်းပြောဆိုမှုတွေ များလာပါတယ်။ မတ် ၂ ရက်မှာ စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးကို ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ရာထူး ပေးလိုက်ပါတယ်။ အစဉ်အလာအားဖြင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ပဲ တွဲကိုင်လေ့ရှိတဲ့ ကြည်းတပ်ချုပ်နေရာကို ခွဲထုတ်ပြီး ဗိုလ်ချုပ်ကြီးရဲဝင်းဦးကို ခန့်အပ်လိုက်တာပါ။ ဒုတပ်ချုပ်ကိုင်တဲ့ ရာထူးဖြစ်လို့ ဒီရာထူးကို တပ်ရဲ့ နံပါတ်နှစ်နေရာလို့ မှတ်ယူဖွယ်ရှိပါတယ်။ ဒီအတောအတွင်း ကာကွယ်ရေးဌာနကောင်စီ (ကကန-ကောင်စီ)က တပ်ချုပ်သက်တမ်းကို ငါးနှစ်ပဲ တာဝန်ထမ်းဖို့ ကန့်သတ်မယ်ဆိုတဲ့သတင်း ထွက်လာပါတယ်။ လက်ရှိ စစ်ဘက်ခေါင်းဆောင်မှုထိပ်ပိုင်းမှာ စစ်တပ်တွင်းအင်္ဂါစဉ်အရ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းကလွဲလို့ ဗိုလ်ချုပ်ကြီးရဲဝင်းဦးထက် စီနီယာကျပြီး တပ်ချုပ်ဖြစ်လာနိုင်သူ မရှိတော့ပါဘူး။ ဒါကြောင့် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းကို တပ်ချုပ်အဖြစ် နောက်ငါးနှစ် ဆက်ထားရင်ထား၊ မထားရင် ဗိုလ်ချုပ်ကြီးရဲဝင်းဦးပဲ တပ်ချုပ်အသစ် ဖြစ်လာဖွယ်ရှိပါတယ်။

ISP-Myanmar က ထုတ်ဝေထားတဲ့ **မြန်မာ့အခြေပြစစ်တမ်း**မှာ လက်ရှိစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဟာ စစ်ခေါင်းဆောင်ဟောင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တည်ဖို့ ကြိုးစားခဲ့တဲ့ 'တပ်မတော်-ကြံ့ခိုင်ရေးပါတီ ပူးတွဲအုပ်ချုပ်ရေး'ဆိုတဲ့ စပ်ကြားအင်စတီကျူးရှင်းစနစ်ပုံစံကို ဖျက်ပြီး ပုဂ္ဂိုလ်ရေးအာဏာရှင်စနစ်ကို အသက်သွင်းမယ့်လက္ခဏာမျိုး ပိုတွေ့နေရတယ်လို့ တိတိပပ ရေးသားခဲ့ပါတယ်။ လာမယ့် ဧပြီလဆန်းမှာ ပေါ်ထွက်လာမယ့် အစိုးရသစ်ဟာ ဒီပုဂ္ဂိုလ်ရေးအာဏာရှင်စနစ်ကို ဘယ်လိုထင်ဟပ်မလဲ၊ ဘယ်လိုထူးခြားချက်တွေရှိမလဲဆိုတာ ဆန်းစစ်စရာဖြစ်လာပါတယ်။

## ■ ဆန်းစစ်မြင်ကွင်းအတွင်းရှိ အဓိကမောင်းနှင်အားများနှင့် အပြန်အလှန် အညမညပြုရလဒ်များ

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဟာ ဦးမင်းအောင်လှိုင်အဖြစ်နဲ့ အစိုးရသစ် သမ္မတတာဝန်ယူပြီဆိုရင် သူ့အာဏာစက်ကို ခိုင်မာစေဖို့အတွက် အုပ်စိုးမှုစနစ်ရဲ့ အဓိကထောက်တိုင်လေးခုကို ပိုင်ပိုင်နိုင်နိုင် လွှမ်းမိုးထိန်းချုပ်ထားဖို့ လိုပါတယ်။ ဒါတွေကတော့ တပ်မတော်၊ အစိုးရ၊ လွှတ်တော်နဲ့ ကြံ့ခိုင်ရေး ▸

ပါတီပဲ ဖြစ်ပါတယ်။ တပ်မတော်နဲ့ အစိုးရကိုထိန်းချုပ်ဖို့ စီမံရတာလွယ်ကူနိုင်ပေမဲ့ လွှတ်တော်နဲ့ ကြံ့ခိုင်ရေးပါတီကို အလုံးစုံ ထိန်းချုပ်ဖို့ကတော့ မရေရာမသေချာမှုနဲ့ အားပြိုင်အကဲစမ်းခံရမှုတွေ ရှိနိုင်ပါတယ်။ ဒါကြောင့် ထောက်တိုင်တွေကို အင်စတီကျူးရှင်းရှုထောင့်အရ လေ့လာသလို ဘယ်သူတွေက ပလေယာတွေဖြစ်လာမလဲ၊ ဘယ်သူ့ကို ဘယ်နေရာမှာချထားမလဲဆိုတဲ့ ဇာတ်ကောင်အခင်းအကျင်း (actor mapping) ကိုလည်း ကြည့်ဖို့ လိုအပ်ပါတယ်။

ပထမဆုံး တပ်မတော်ခေါင်းဆောင်ပိုင်းအပြောင်းအလဲကို ဆန်းစစ်ပါမယ်။ ISP-Myanmar က ၂၀၂၅ ခုနှစ် ဩဂုတ် ၂၅ ရက်မှာ ထုတ်ဝေထားတဲ့ **စတုတ္ထမျိုးဆက်'တပ်မတော်' ဖြစ်နိုင်ခြေ - ပြည်တင်းတာကို နာတော်ခံမလား၊ ရှင်ကြီး ကျားထက်ပိုဆိုးမလား ကနဦးသုံးသပ်ချက် (ISP OnPoint) အမှတ်-၂၇** မှာ ဒီစတုတ္ထမျိုးဆက်ကို ဘယ်သူတွေဦးဆောင်မလဲဆိုရင် လတ်တလော အာဏာဆက်ခံနိုင်ဖွယ် အရှိဆုံးလို့ ရေပန်းစားနေတဲ့ ဗိုလ်ချုပ်ကြီးကျော်စွာလင်း (စစ်တက္ကသိုလ်အပတ်စဉ် DSA-35) ကို မြင်မိကြမှာ သေချာပေတဲ့ လူခန့်မှန်းတာသိပ်များရင် မဖြစ်တတ်ဘူးဆိုတဲ့ သုံးသပ်မှုတွေလည်း ရှိတယ်လို့ ရေးသားခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးကျော်စွာလင်းဟာ တတိယမျိုးဆက်ခေါင်းကိုင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို အကာအကွယ်ပေးဖို့နဲ့ ပေါင်းကူးတပ်ချုပ်အဖြစ် ဖြစ်ကောင်းဖြစ်နိုင်ပါတယ်လို့လည်း သုံးသပ်ခဲ့ပါတယ်။

ဒါပေမဲ့ ဗိုလ်ချုပ်ကြီးရဲဝင်းဦးကို ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ရာထူး ပေးလိုက်တဲ့အတွက် ဒီခန့်မှန်းချက်ကို ပြန်ဆန်းစစ်ဖို့ လိုအပ်လာပါတယ်။ ISP-Myanmar ရဲ့ ထပ်မံလေ့လာမှုတွေအရ ဗိုလ်ချုပ်ကြီးကျော်စွာလင်းကို ငယ်သေးတယ်လို့ မြင်သူတွေ၊ ဒါ့အပြင် ဗိုလ်ချုပ်ကြီးရာထူးတိုးခံရပြီး စစ်တပ်ရဲ့ နံပါတ်သုံးနေရာလောက်အထိ ပစားပေးခံရပြီးတဲ့နောက် ဗိုလ်ချုပ်ကြီးကျော်စွာလင်းဟာ စီနီယာဗိုလ်ချုပ်ကြီးတွေအပေါ် တင်စီးမောက်မာလာတာတွေ၊ ရာထူးအဆောင်အယောင် ပရိုတိုကောနဲ့ ဘဝင်မြင့်

> ဦးမင်းအောင်လှိုင် အဖြစ်နဲ့ အစိုးရသစ် သမ္မတတာဝန် ယူပြီဆိုရင် ... တပ်မတော်နဲ့ အစိုးရကို ထိန်းချုပ်ဖို့စီမံရတာ လွယ်ကူနိုင်ပေမဲ့ လွှတ်တော်နဲ့ ကြံ့ခိုင်ရေးပါတီကို အလုံးစုံ ထိန်းချုပ်ဖို့ကတော့ မရေရာမသေချာမှုနဲ့ အားပြိုင် အကဲစမ်းခံရမှုတွေ ရှိနိုင်ပါတယ်။


ခြေရာတိုင်းလာတာတွေ ရှိခဲ့တယ်လို့ သိရပါတယ်။ ဒီအတွက် စီနီယာဗိုလ်ချုပ်ကြီးတွေအကြားမှာ မကျေမချမ်းဖြစ်ပြီး အပြစ်ဒေါသသင့်လို့ "မင်းနားတထောင်၊ ကြားနှံ့ဆောင်"ဆိုသလို တပ်ချုပ်မင်း အောင်လှိုင်မှာ ဖိအားဖြစ်၊ ပြန်စဉ်းစားလာရတယ်လို့ ဆိုကြပါတယ်။ ဒါကြောင့် စစ်ကော်မရှင်မှာ အတွင်းရေးမှူးဖြစ်ပေမဲ့ တပ်မတော်စစ်အင်္ဂါစဉ်အရ အဆင့်ရှစ်လောက်အထိဖြစ်နေတဲ့ စစ်ဘက် ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးကို ကြည်းချုပ်ရာထူးအထိ ဆွဲတင်လိုက်တာဟာ စတုတ္ထမျိုးဆက်သစ်တွေအတွက် နောက်ငါးနှစ်အတွင်း တပ်ချုပ်အရိုက်အရာကို ဆက်ခံဖို့ စောသေး တယ်ဆိုတဲ့ သတင်းစကား မက်ဆေ့ချ်အဖြစ် သုံးသပ်လို့ရနိုင်ပါတယ် [ISP **ဒေတာအချက်အလက် ၂၅/၂၀၂၆ (ISP-DM2026-025) ကိုရှုပါ**]။

ဒီလို ပါးစပ်ထဲရောက်ခါနီး ထမင်းလုတ် ပုတ်ချခံရတဲ့ ကံကြမ္မာမျိုးဟာ မြန်မာ့တပ်မတော်မှာ ဖြစ်လေ့ ဖြစ်ထရှိခဲ့ပါတယ်။ ဥပမာ- ၂၀၁၀ ပြည့်နှစ် စစ်တပ်ရဲ့ တိုက်ရိုက်အုပ်ချုပ်မှုစနစ်ကနေ စစ်တပ် ကျော ထောက်နောက်ခံပြု ကြံ့ခိုင်ရေးပါတီဦးဆောင်တဲ့စနစ်ကို ပြောင်းတဲ့ကာလမှာ တပ်မတော်က နံပါတ် သုံးခေါင်းဆောင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းကို သမ္မတ ဒါမှမဟုတ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တခုခုဖြစ်မယ်လို့ မျှော်လင့်ခဲ့ကြပေမဲ့ နှစ်ခုလုံးနဲ့လွဲပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသာ ဖြစ်ခဲ့ပါတယ်။ အလားတူပဲ စစ်တက္ကသိုလ်အပတ်စဉ် DSA-18 က ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်ကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရာထူးအတွက် လျာထားခဲ့ပေမဲ့ တရားဝင်အမိန့်စာ မထွက်ခင် နွားရှေ့ထွန်ကျူး ပွဲခံပြီး မလျော်မကန်လုပ်လာလို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သူရမြင့်အောင်ကို ကာကွယ်ရေးဝန်ကြီး အဖြစ်သာ ပြောင်းလဲတာဝန်ပေးဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီနောက် စစ်တက္ကသိုလ်အပတ်စဉ် DSA-19 က ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်ကို တပ်ချုပ်အဖြစ် ခန့်အပ်ခဲ့ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ တပ်ချုပ်ဟာ ကာကွယ်ရေးဝန်ကြီးအထက်မှာ ရှိနေတာမို့ စစ်တက္ကသိုလ် စီနီယာဖြစ်တဲ့၊ တိုက်ရည်ခိုက်ရည်နဲ့ စိတ်ပြင်းထန်တဲ့ သူရမြင့်အောင်က ဂျူနီယာတပ်ချုပ်အောက်မှာ မလုပ်နိုင်ဘူး လို့ ငြင်းခဲ့ပါတယ်။ တပ်ချုပ်ရာထူးနဲ့လွဲချော်လို့ ကလန်ကဆန်လုပ်ခဲ့တဲ့ ဒုတိယဗိုလ်ချုပ်ကြီး သူရ မြင့်အောင် အနားပေးခံရပြီး နေအိမ်အကျယ်ချုပ်ချခံခဲ့ရပါတယ်။

တကယ်လို့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ဗိုလ်ချုပ်ကြီးကျော်စွာလင်းကို ဒီထက်ပိုပြီး မျက်စိစပါးမွေးစူးလာရင် အစိုးရတာဝန်ဘက်ပြောင်းပြီး ကာကွယ်ရေး၊ ပြည်ထဲရေးနဲ့ နယ်စပ်ရေး စတဲ့ လုံခြုံရေးဝန်ကြီးဌာနသုံးခုထဲက တခုခုမှာ ဝန်ကြီးအဖြစ်ခန့်အပ် နိဂုံးချုပ်လိုက်ဖို့တောင် ဖြစ်နိုင် ပါတယ်။ ဒါဆို စတုတ္ထမျိုးဆက်တပ်မတော်ရဲ့ DSA-38 ဆင်းတွေဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက်၊ ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနဲ့ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ကိုထိုက် စတဲ့ စစ်ဗိုလ်ချုပ်တွေကို နောက်ငါးနှစ်အလွန် တပ်ချုပ်လောင်းတွေ အဖြစ် လျာထားနိုင်ပြီး အခု တိုင်းမှူးတွေဖြစ်နေကြတဲ့ DSA-40/41 တွေရဲ့ အခန်းကဏ္ဍက လာမယ့် ငါးနှစ်အတွင်း ခေါင်းဆောင်မှုကဏ္ဍအတွက် ခြေစစ်ပွဲနွှဲရမယ့်သူတွေ ဖြစ်လာနိုင်ပါတယ်။

# လွှတ်တော်မခေါ်မီ စစ်တပ်၏ ထိပ်ပိုင်းအပြောင်းအလဲ

၂၀၂၆ ခုနှစ် မတ် ၄ ရက်က ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တာဝန်ယူရသော ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ရာထူးကို ဗိုလ်ချုပ်ကြီးရဲဝင်းဦးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထိုအချိန်နောက်ပိုင်း စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အလွန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာနိုင်သူများထဲတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ဗိုလ်ချုပ်ကြီးရဲဝင်းဦးလည်း ပါလာသည်။




**ဒေတာအချက်အလက် - ၂၀၂၆ ခုနှစ် မတ် ၁၆ ရက်အထိ။** ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ ယခုအင်္ဂါစဉ်တွင် ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စစ်တိုင်းမှူးများနှင့် စစ်လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးများကို မထည့်ထားပါ။ ဒေတာရရှိမှု အကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ကနေ ကြည်းချုပ်၊ အဲဒီကတဆင့် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသာ တပ်ချုပ်ဖြစ်လာရင် စတုတ္ထမျိုးဆက် အရာရှိကြီးတွေအနေနဲ့ တပ်အနာဂတ်ကို စိတ်တိုင်းကျပုံဖော်ဖို့ ခက်သွားပါမယ်။ ဗိုလ်ချုပ်ကြီးရဲဝင်းဦးက စစ်ခေါင်းဆောင် မင်းအောင်လှိုင်ရဲ့ သစ္စာခံမှု့ စစ်ခေါင်းဆောင်ရဲ့အကျိုးစီးပွားကို ရှေးရှုပြီး လာမယ့်အစိုးရသစ်သက်တမ်းအတွင်း တပ်ကို ပုဂ္ဂိုလ်ရေးအာဏာရှင်စနစ်ရဲ့လက်ကိုင်တုတ်အဖြစ် ဆက်ပြီး ကြပ်မတ်သွားဖွယ် ရှိနိုင်ပါတယ် **[ISP ဒေတာအချက်အလက် ၂၇/၂၀၂၆ (ISP-DM2026-027) နောက်ဆက်တွဲ-၂ ကိုရှုပါ]။**

ဒါပေမဲ့ လက်ရှိတပ်ချုပ်ရာထူးကို ဗိုလ်ချုပ်ကြီးရဲဝင်းဦးကို လွှဲပေး၊ မပေးကလည်း ယတိပြတ် ပြောမရသေးပါဘူး။ ဗိုလ်ချုပ်ကြီးရဲဝင်းဦးဟာ စစ်ခေါင်းဆောင် တပ်မမှူးဘဝမှာ စဆုံခဲ့ပြီးကတည်းက တဖြည်းဖြည်း မိသားစုချင်းပါ ရင်းနှီးလာသူဖြစ်လို့ အိမ်တော်ရဲ့အတွင်းလူလည်း ဖြစ်ပါတယ်။ အာဏာသိမ်းကတည်းက စစ်တပ်ရဲ့ အုပ်ချုပ်ရေးယန္တရားထိပ်ပိုင်းမှာ စစ်ဘက်ရာထူးလက်ကိုင်နဲ့ ဗိုလ်ချုပ်ကြီးအဆင့်မှာ နေရာမြဲခဲ့သူပါ။ ဒါပေမဲ့ ဗိုလ်ချုပ်ကြီးရဲဝင်းဦးဟာ စစ်ဘက်နဲ့ နယ်ဘက် လွှမ်းခြုံတဲ့ ခေါင်းဆောင်မှုအတွေ့အကြုံ အားနည်းသေးတာ တွေ့ရပါတယ်။ သူတာဝန်ယူခဲ့တဲ့ တပ်မ ၁၀၁ တပ်မမှူး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီတိုင်းမှူးတာဝန် စတဲ့နေရာတွေဟာ သူတာဝန်ယူစဉ်ကာလက စစ်တိုက်ရတဲ့၊ အဆင့်မြင့်တာဝန်ကနေ စစ်ပွဲကိုကွပ်ကဲရတဲ့ နယ်မြေတွေ မဟုတ်ပါဘူး။ ဒါ့အပြင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေခေတ်က စပြင်ဆင်ခဲ့တဲ့ ကြည်း-ရေ-လေ ပူးပေါင်းစစ်ဆင်ရေး စဉ်းစားပုံ၊ သံချပ်ကာကနေ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး (ကကထုတ်)နဲ့ ဝယ်ယူရေးအထိ သိမြင်နားလည်တဲ့ ရှေ့မီနောက်မီ မျိုးဆက်ချိတ်ဆက်ပေးနိုင်တဲ့ အတွေ့အကြုံမျိုး အားနည်းပါတယ်။ ဒါကြောင့် နိုင်ငံတဝန်းလုံးကိုဖြန့်ကြက်ထားတဲ့ တိုင်းစစ်ဌာနချုပ်တွေ၊ ခြေလျင်-ခြေမြန် တပ်ရင်းတပ်မတွေ အကုန်လုံးကို ကွပ်ကဲနိုင်တဲ့ အာဏာဖြစ်တဲ့ ကြည်းချုပ်ကို ပေးထားပေမဲ့ တပ်ချုပ်အထိ ထပ်တင်ဖို့ဆိုတာ စစ်တပ်ရဲ့အစဉ်အလာ စဉ်းစားပုံအရဆိုရင်တော့ အကန့်အသတ်ရှိနိုင်ပါသေးတယ်။ စစ်ထောက်လှမ်းရေးကို တပ်ချုပ်ပေးတာမျိုးကလည်း စံသွေဖည်တာမျိုး ဖြစ်သွားနိုင်ပါတယ်။ တခါ OTS ကျောင်းဆင်းဖြစ်တာကလည်း တပ်တွင်းမှာ အကင်းသေနေပြီဖြစ်တဲ့ DSA နဲ့ OTS အားပြိုင်မှုကို ပြန်ဖြစ်စေနိုင်သလားဆိုပြီး စဉ်းစားကြသူတွေရှိပါတယ်။

တကယ်လို့ ဗိုလ်ချုပ်ကြီးကျော်စွာလင်းက အနေအထိုင်မတတ်ဘဲ စီနီယာတွေအပေါ် ခြေရာတိုင်းအချိုးမပြေတာကြောင့်ရော၊ ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ငါ့လူယုံမို့ ငါခန့်ချင်လို့ခန့်တယ်ဆိုပြီး တပ်ချုပ်မင်းအောင်လှိုင်က ဆုံးဖြတ်ရင်တော့ လက်ရှိအကျပ်အတည်းမျိုးစုံ ရင်ဆိုင်နေရတဲ့ တပ်မတော်ကို ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်နိုင်ရေးမှာ အရည်အချင်းမပြည့်မီမှုရဲ့ နောက်ဆက်တွဲ စိန်ခေါ်မှုတွေ အများကြီးရှိလာနိုင်ပါတယ်။ တပ်ရဲ့ရိုးရာကို ချိုးဖောက်သလိုလည်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ဖြစ်နိုင်ခြေနောက်တခုကတော့ ဗိုလ်ချုပ်ကြီးရဲဝင်းဦးကို ကြည်းချုပ်နေရာမှာပဲထားပြီး နောက်ငါးနှစ်မှာ တပ်ကိုဦးစီးဖို့ လက်ရှိဒုချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းကို လွှဲပေးတာလည်း ဖြစ်နိုင်ပါတယ်။

ဒုချုပ်ဟာ စစ်ခေါင်းဆောင်အပေါ် သစ္စာစောင့်သိသူဖြစ်ပြီး တပ်ပိုင်းဆိုင်ရာ ရှေ့မီနောက်မီဖြစ်သလို နိုင်ငံရေးရည်မှန်းချက်မရှိဘဲ စစ်ဘက်ရေးရာမှာ သဘောထားတင်းမာပြတ်သားသူလည်းဖြစ်ပါတယ် [ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ကိုယ်ရေးအကျဉ်းကို ISP ဒေတာအချက်အလက် ၂၆/၂၀၂၆ (ISP-DM2026-026) နောက်ဆက်တွဲ-၁ ကိုရှုပါ]။

စစ်ခေါင်းဆောင်ဟာ သူ့ကို ကျားကန်ပေးမယ့် တပ်မတော်ထောက်တိုင်ရပြီးတဲ့အခါ အစိုးရထောက်တိုင်ကို ပိုင်နိုင်ထိန်းချုပ်ဖို့ပြင်ဆင်မှာဖြစ်ပါတယ်။ ဦးမင်းအောင်လှိုင်အဖြစ်နဲ့ အစိုးရသစ် သမ္မတတာဝန်ကို ရယူပြီဆိုရင်တော့ ဒီထိန်းချုပ်ရေးလုပ်ငန်းစဉ်ဟာ လွယ်ကူမယ်လို့ သုံးသပ်နိုင်ပါတယ်။ ထိန်းချုပ်ရာမှာ ပြည်ထောင်စုအစိုးရကိုသာမက တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်တွေနဲ့ အစိုးရအဖွဲ့တွေကိုပါ တိုက်ရိုက်ခန့်အပ်စီမံလို့ရသွားပါတယ်။ တကယ်လို့ သမ္မတရာထူးကို တိုက်ရိုက်မယူဘဲ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီရဲ့ ဥက္ကဋ္ဌ တာဝန်မျိုးကနေ အစိုးရကို ထိန်းချုပ်မယ်ဆိုရင်တော့ အကျိုးစီးပွားပဋိပက္ခတွေ ရှိလာခဲ့ရင် ပရိုတိုကောအရရော ကျန်အားပြိုင်မှုတွေအရပါ မထင်မှတ် မမျှော်လင့်ထားတာတွေ ခြေချော်လက်ချော် ဖြစ်သွားတတ်ပါတယ်။ ဒါကြောင့် သမ္မတရာထူးပဲ ယူနိုင်ခြေပိုရှိမယ်လို့ မှန်းဆရပါတယ်။ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီကတော့ ဒုတိယသမ္မတနေရာတွေလည်း ပေးလို့မရ၊ ဝန်ကြီးနေရာလည်း ပေးဖို့မသင့်တဲ့သူတွေ၊ အရင်လူကြီးဟောင်းတွေ (ဦးသိန်းစိန်အစိုးရ အဖွဲ့ဝင်တွေ)ထဲက အကြံဉာဏ်ပေးနိုင်သူတွေအတွက် ပြည်ထောင်စုအဆင့်ရာထူးမျိုး ဖန်တီးတာလည်း ဖြစ်နိုင်တယ်လို့ ဘီဘီစီမြန်မာပိုင်းက သုံးသပ်ဖော်ပြပါတယ်။ လွှတ်တော်မခေါ်ခင်မှာ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ဥပဒေကို စစ်ခေါင်းဆောင်ကိုယ်တိုင် လက်မှတ်ထိုးပြီး ကြိုတင်ထုတ်ပြန်ခဲ့ပါတယ်။ ဥပဒေအရ အတိုင်ပင်ခံကောင်စီဟာ လွှတ်တော်ရဲ့ အာဏာနဲ့ လုပ်နိုင်စွမ်းကို အထိန်းအထေလုပ်ဖို့ အသုံးပြုနိုင်တာ တွေ့ရပါတယ်။ ကောင်စီကို စိတ်ကြိုက်ဖွဲ့စည်းနိုင်ဖို့ လွှတ်တော်က သမ္မတကို အာဏာအပ်နှင်းထားရပါတယ်။

> ဗိုလ်ချုပ်ကြီးရဲ့ဝင်းဦးက ငါ့လူယုံမို့ ငါခန့်ချင်လို့ခန့်တယ်ဆိုပြီး တပ်ချုပ်မင်းအောင်လှိုင်က ဆုံးဖြတ်ရင်တော့ လက်ရှိအကျပ်အတည်းမျိုးစုံ ရင်ဆိုင်နေရတဲ့ တပ်မတော်ကို ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်နိုင်ရေးမှာ အရည်အချင်းမပြည့်မီမှုရဲ့ နောက်ဆက်တွဲစိန်ခေါ်မှုတွေ အများကြီး ရှိလာနိုင်ပါတယ်။

- ကောင်စီဟာ ပြည်ထောင်စုရဲ့လုံခြုံရေးနဲ့ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်တွေ၊ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်တွေ၊ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်တွေနဲ့ ဥပဒေပြဋ္ဌာန်းရေးဆိုင်ရာ ကိစ္စရပ်တွေမှာပါ အကြံပေးရုံမက ညှိနှိုင်းဆောင်ရွက်ခွင့်ပါ ရှိနေပါတယ်။ သမ္မတနဲ့ လွှတ်တော်အကြား ပွတ်တိုက်မှုမရှိအောင် စစ်ခေါင်းဆောင်က ကြိုတင်ပြင်ထားပုံရပါတယ်။ ဒီနေရာမှာ အရပ်ဘက်ပြောင်းလာမယ့် သူ့အတွက် အခက်အခဲကြုံနိုင်ခြေရှိတာက လွှတ်တော်တွေနဲ့ ကြံ့ခိုင်ရေးပါတီပါပဲ။ ဦးမင်းအောင်လှိုင်အတွက်တော့ ဗိုလ်ချုပ်ကြီးဟောင်း သူရရွှေမန်းအနေနဲ့ လွှတ်တော်ဥက္ကဋ္ဌတာဝန်ရော၊ ပါတီခေါင်းဆောင်တာဝန်ပါယူပြီး သမ္မတဦးသိန်းစိန်အပေါ် ခြိမ်းခြောက်စိန်ခေါ်နိုင်ခဲ့တာတွေဟာ လတ်ဆတ်နေဆဲ စိတ်အနာနဲ့ သင်ခန်းစာတွေပဲ ဖြစ်နေပါသေးတယ်။ လွှတ်တော်ဥက္ကဋ္ဌဟာ သမ္မတကို စွပ်စွဲပြစ်တင်လုပ်နိုင်ရုံသာမက ပါတီယန္တရားကိုပါထိန်းချုပ်နိုင်တဲ့ ပါတီခေါင်းဆောင်အဖြစ် ဆက်နေနိုင်တာမို့ ဒီရာထူးရမယ့်သူဟာ ဦးမင်းအောင်လှိုင်ရဲ့ အာဏာစက်ခိုင်မာရေးမှာ ခလုတ်တံသင်း မဖြစ်ဖို့၊ အဖြည့်အနင်းခံ တံတားသာဖြစ်စေဖို့ အလွန်အရေးကြီးပါတယ်။

ဦးမင်းအောင်လှိုင်က သမ္မတနေရာ ရယူလိုတာမို့ လက်ရှိကြံ့ခိုင်ရေးပါတီဥက္ကဋ္ဌ ဦးခင်ရီကို အခြားဝန်ကြီးနေရာ ဒါမှမဟုတ် ပြည်ထောင်စုအတိုင်ပင်ခံကောင်စီမှာ တာဝန်ပေး ခွေထားဖို့ဆိုတာကလည်း အနိုင်ရပါတီဥက္ကဋ္ဌမို့ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားမှာပါ။ ဒါကြောင့် မတ် ၁၆ ရက် လွှတ်တော်အဖွင့်မှာ ဦးခင်ရီကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတာဝန် ခွဲပေးရတာဟာ ဦးမင်းအောင်လှိုင်အတွက် မီးခဲဖင်ခုထိုင်ရသလို ဖြစ်နေနိုင်ပါတယ်။ အငြိမ်းစားဗိုလ်မှူးချုပ်ခင်ရီဟာ စစ်တက္ကသိုလ်အပတ်စဉ် DSA-17 ဆင်းဖြစ်လို့ စစ်တက္ကသိုလ်အပတ်စဉ်အရ စစ်ခေါင်းဆောင်ထက် စီနီယာကျရုံသာမက နိုင်ငံရေးသမ္မာရင့်တဲ့ ရှေ့မီနောက်မီ သက်တော်ရှည်ဝန်ကြီးဟောင်းလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ ငါးနှစ်လုံးလုံး တော်လှန်ရေးယူဂျီတွေ၊ PDF တွေ သတ်ဖြတ်လို့ ပါတီဝင် ၁,၅၀၀ ဝန်းကျင်သေဆုံးခဲ့ရတယ်၊ စစ်တပ်က ပစ်ပယ်ထားခဲ့တယ်၊ စစ်အုပ်ချုပ်ရေးက ထွက်ပေါက်ရချင်ရင် အစိမ်းရောင်ပါတီကို မဲပေးထွက်ပေါက်ရှာရမယ်လို့ တိုးတိုးတမျိုး ကျယ်ကျယ်တဖုံ ပြောဆိုစည်းရုံးခဲ့ကြတဲ့ ကြံ့ခိုင်ရေးပါတီအောက်ခြေထု တော်တော်များများကလည်း ဦးခင်ရီရဲ့ခေါင်းဆောင်မှုကို လက်ခံကြပုံရပါတယ်။ ဒါပေမဲ့ ဦးခင်ရီဟာ ကြံ့ခိုင်ရေးပါတီတခုတည်းရဲ့ မဲအင်အားနဲ့တင် သမ္မတဖြစ်နိုင်တဲ့ အခြေအနေရှိပါလျက်နဲ့ ဒီအခွင့်အရေးကိုလက်လွှတ်ပြီး လွှတ်တော်ဥက္ကဋ္ဌတာဝန်နဲ့ နှပ်ချခံခဲ့ရတာပါ။ ဒါကြောင့် ပါတီဝင်တွေနဲ့ အမာခံတွေအတွက်တော့ သူတို့မဲပေးခဲ့တဲ့ ပါတီခေါင်းဆောင်က သမ္မတအဖြစ် အုပ်ချုပ်ခွင့်မရတဲ့အဖြစ်မို့ မကျေနပ်ချက်ဟာ မီးခဲပြာဖုံးဖြစ်နေကြမှာ သေချာပါတယ်။ ဒါကြောင့် ဦးခင်ရီလို ကြံ့ခိုင်ရေးအမာခံမျိုးဟာ ဦးမင်းအောင်လှိုင်အတွက် ပြဿနာဦးခေါင်း ဖြစ်နေနိုင်ပါတယ်။ ဦးခင်ရီဟာ လွှတ်တော်ဥက္ကဋ္ဌနေရာကနေ သမ္မတနဲ့ အစိုးရအဖွဲ့ကို ကြံ့ခိုင်ရေးပါတီရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းပါ မူဝါဒလမ်းစဉ်တွေ ဖော်ဆောင်ပေးဖို့ လွှတ်တော်ဘောင်ထဲကနေ တွန်းတာ၊ ထိန်းကျောင်းတာတွေလုပ်နိုင်ရုံမက ပါတီကိုပါ လာမယ့်ငါးနှစ်တာအလွန် ကာလအတွက် ပြင်ဆင်တည်ဆောက် လွှမ်းမိုးသွားနိုင်ဖွယ်ရှိပါတယ်။

## ■ မဟာဗျူဟာမူဝါဒဆိုင်ရာ အကျိုးသက်ရောက်နိုင်ခြေနှင့် ငန်းနက်ဖြစ်တန်ခြေ

အာဏာရှင်ဟောင်းကြီးဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ သူ့လို ရုံးတလုံး ဓားတစင်း အာဏာရှင်မျိုး နောက်ထပ် ပေါ်မလာအောင် ၂၀၁၀ ရွေးကောက်ပွဲကတဆင့် 'တပ်မတော်-ကြံ့ခိုင်ရေးပါတီ ပူးတွဲအုပ်ချုပ်ရေး'ဆိုတဲ့ စပ်ကြားအင်စတီကျူးရှင်းစနစ်ပုံစံကို သွတ်သွင်းဖို့ ကြိုးစားခဲ့ပေမဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကတော့ ၂၀၂၅ ရွေးကောက်ပွဲကတဆင့် သူ့ရဲ့ ပုဂ္ဂိုလ်ရေးအာဏာရှင်စနစ်ကို သက်ဆိုးရှည်အောင် ဆွဲဆန့်နေတာဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူတွေက ပလေယာတွေ ဖြစ်လာမလဲ၊ ဘယ်သူ့ကို ဘယ်နေရာမှာချထားမလဲဆိုတဲ့ ဇာတ်ကောင်အခင်းအကျင်း (actor mapping) ဟာ အရေးကြီးတယ်ဆိုပေမဲ့ ဒါဟာ ဟောကိန်းထုတ်တာမဟုတ်ဘဲ ရှုပ်ထွေးတဲ့ ဖြစ်တန်ခြေတွေကို ဖြေထုတ်ပြတာသာ ဖြစ်ပါတယ်၊ နောက်ခံအခြေအနေ၊ ဆက်စပ်အခြေအနေတွေကို ရှင်းပြပြီး အကျိုးစီးပွားနဲ့ အာဏာအားပြိုင်မှု၊ အားသာမှုတွေကို ချိန်ထိုးပြတာသာ ပဓာနရည်ရွယ်ချက်ဖြစ်ပါတယ်။ ပိုအရေးကြီးတာက အရပ်ဘက်ပြောင်းတဲ့အခါ ဦးမင်းအောင်လှိုင်အနေနဲ့ သူ့အာဏာစက်ခိုင်မာစေဖို့ တပ်မတော်၊ အစိုးရ၊ လွှတ်တော်နဲ့ ကြံ့ခိုင်ရေးပါတီဆိုတဲ့ အုပ်စိုးမှုစနစ်ရဲ့ အဓိကထောက်တိုင်လေးခုကို ပိုင်ပိုင်နိုင်နိုင် လွှမ်းမိုးထိန်းချုပ်ထားနိုင်မလား ဆိုတာပါပဲ။

> ❝ ပြီးခဲ့တဲ့ငါးနှစ်အတွင်း သူချမှတ်ခဲ့တဲ့ မူဝါဒအမှားအယွင်းတွေကို မပြင်ဆင်တာကြောင့် လူမှုစီးပွားအခြေအနေ ပိုမိုဆိုးရွားလာမှု၊ ပြည်သူလူထုရဲ့ တကျော့ပြန် အုံကြွလာနိုင်မှုတွေကြောင့် တိုင်းပြည်ရဲ့ အခြေအနေတွေ ထိန်းမနိုင်သိမ်းမရဖြစ်ပြီး တရုတ်နိုင်ငံရဲ့ အကျိုးစီးပွားကို ထိခိုက်စေပြီဆိုရင်တော့...

တကယ်လို့ သူက ထောက်တိုင်လေးခုစလုံးကို လွှမ်းမိုးချုပ်ကိုင်နိုင်မယ်ဆိုရင် မြန်မာနိုင်ငံကို အုပ်ချုပ်နေတာဟာ စစ်အုပ်စိုးမှုဆိုတာထက် ပုဂ္ဂိုလ်ရေးအာဏာရှင်စနစ်ဆိုတဲ့ စနစ်ပုံစံ (a personalist regime or sultanistic regime type) မျိုးအဖြစ် ပိုသတ်မှတ်နိုင်ဖွယ်ရှိပါတယ်။ အုပ်စိုးမှုစနစ် ကူရိယာပုတ်အပြောင်းအလဲ (regime alteration) မှာ အထိုင်အထ ဟန်ချက်မပျက်ဘဲ ဆက်ထိန်းသွားနိုင်ဖွယ်ရှိပါတယ်။ ထောက်တိုင်လေးခုလုံးက အုပ်စိုးသူလူတန်းစားထဲမှာ အကြောက်တရားနဲ့ စားဖား

စိတ်တွေပဲ တမိုးလုံးဖျောက်ဆိပ်လွှမ်းမိုးသွားနိုင်ပါတယ်။ ၂၀၂၅ ခုနှစ် ဇူလိုင် ၃၀ ရက်မှာ စစ်ခေါင်းဆောင်က ‘ပထမစာမျက်နှာကတော့ ကျော်ဖြတ်ခဲ့ပြီးပြီ။ … ဒုတိယစာမျက်နှာအစမှာ တကယ်ကို ကောင်းမွန်တဲ့ လက်ရေးလှလှကလေးနဲ့ ရေးပြီးတော့မှ အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်မယ် ဆိုရင်တော့…’ဆိုပြီး အာဏာသိမ်းကာလငါးနှစ်နဲ့ ရွေးကောက်ပွဲအလွန်ပေါ်လာမယ့် အစိုးရသက်တမ်းငါးနှစ်ကို စာမျက်နှာနှစ်ရွက်သဖွယ် နှိုင်းယှဉ်ပြောခဲ့တာရှိပါတယ်။ သူပြောခဲ့တဲ့အတိုင်း အရင် အာဏာသိမ်းကာလ ငါးနှစ်နဲ့မတူဘဲ သဘောထားပြောင်းပြီး အပြောင်းအလဲတွေကို သူကိုယ်တိုင် ဦးဆောင်ပြောင်းလဲချင်ပြောင်းလဲ၊ ဒါမှမဟုတ်လို့ကတော့ အပြောင်းအလဲအတွက် တွန်းမယ့် အင်စတီကျူးရှင်း၊ ချန်ပီယံလုပ်မယ့်လူပုဂ္ဂိုလ်တွေ ချွန်ထွက်ဖို့ မလွယ်လောက်ပါဘူး။ တိုင်းပြည်မှာ အရေးတကြီးလိုအပ်နေတဲ့ တည်ငြိမ်ငြိမ်းချမ်းရေး၊ စီးပွားရေးပြန်လည်ဖွံ့ဖြိုးရေးနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းမှာ ပြန်ဝင်ဆန့်ရေး ဆိုတာတွေမှာလည်း နောက်လာမယ့် ငါးနှစ်ကာလရဲ့ ဦးမင်းအောင်လှိုင်ဟာ ပြီးခဲ့တဲ့ငါးနှစ်ကာလက တပ်ချုပ်မင်းအောင်လှိုင်နဲ့မတူအောင် ဘာများစွမ်းဆောင်နိုင်မလဲဆိုတာ လေ့လာစောင့်ကြည့်သူတွေက သံသယပွားကြမှာ သေချာပါတယ်။

ပုဂ္ဂိုလ်ရေးအာဏာရှင်စနစ်တွေရဲ့ စိန်ခေါ်မှုကြီးတခုဖြစ်တဲ့ အရိုက်အရာဆက်ခံမယ့်သူ ဘယ်သူ့ကို ထားမလဲ၊ ထားမိတဲ့သူကလည်း အာဏာရှင်အတွက် ရတက်မအေးစရာဖြစ်စေမယ် (ဥပမာ- အဂတိမှုနဲ့ တသက်တကျွန်းပြစ်ဒဏ်ချခံခဲ့ရတဲ့ တပ်ချုပ်ရဲ့လက်ရုံး ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းနဲ့ အခုနောက်ဆုံး ငယ်ငယ်ရွယ်ရွယ်နဲ့ စီနီယာတွေကို ခြေရာတိုင်းလို့ တက်လမ်းပိတ်မလိုဖြစ်နေရတဲ့ ဗိုလ်ချုပ်ကြီးကျော်စွာလင်းတို့လို) ဆိုရင် ပဒေသရာဇ်ခေတ်တွေတုန်းကလိုပဲ မင်းပြောင်းမင်းလွဲဟာ မရေမရာမှုတွေများလို့၊ အားပြိုင်လုပ်ကြံမှုတွေများလို့၊ အာဏာလေဟာနယ်တွေကျယ်လို့ အန္တရာယ်ဖြစ်တတ်ပါတယ်။ နောက်ထပ် အန္တရာယ်ရေသောက်မြစ်ကြီးတခုကတော့ ငန်းနက်ပေါ်လာမှာလို့တောင် တင်စားနိုင်မယ့် ခန့်မှန်းရခက်ပေမဲ့ ဖြစ်လိုက်ရင် သေရေးရှင်ရေးတမျှ အခြေအနေပြောင်းသွားစေမယ့် တရုတ်နိုင်ငံရဲ့အခန်းကဏ္ဍပဲ ဖြစ်ပါတယ်။ ဦးမင်းအောင်လှိုင်အနေနဲ့ ထောက်တိုင်လေးရပ်ကို ချုပ်ကိုင်ပြီး အုပ်စိုးသူတွေအကြား ပုဂ္ဂိုလ်ရေးအာဏာရှင်စနစ်ကို ထူထောင်နိုင်ပါတယ်။ ဒါပေမဲ့ နိုင်ငံတကာဒဏ်ခတ်ပိတ်ဆို့မှုတွေရဲ့ ပြင်းထန်သက်ရောက်မှု၊ ပြီးခဲ့တဲ့ငါးနှစ်အတွင်း သူချမှတ်ခဲ့တဲ့ မူဝါဒအမှားအယွင်းတွေကို မပြင်ဆင်တာကြောင့် လူမှုစီးပွားအခြေအနေ ပိုမိုဆိုးရွားလာမှု၊ ပြည်သူလူထုရဲ့ တကျော့ပြန်အုံကြွလာနိုင်မှုတွေကြောင့် တိုင်းပြည်ရဲ့အခြေအနေတွေ ထိန်းမနိုင်သိမ်းမရဖြစ်ပြီး တရုတ်နိုင်ငံရဲ့အကျိုးစီးပွားကို ထိခိုက်စေပြီဆိုရင်တော့ တရုတ်နိုင်ငံက (အရင်ကာလသာဓကတွေရှိခဲ့သလို) ဝင်ရောက်စွက်ဖက်လာနိုင်ပါတယ်။ ဒီစွက်ဖက်မှုက မြန်မာ့အုပ်စိုးမှုစနစ်ပုံစံကို အကြီးအကျယ် ပြောင်းလဲစေနိုင်ပါတယ်။ ■

## နောက်ဆက်တွဲ-၁။ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ကိုယ်ရေးအကျဉ်း



ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းကို ၁၉၆၀ ပြည့်နှစ်တွင် မန္တလေးမြို့၌ မွေးဖွားခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် စစ်တက္ကသိုလ် အပတ်စဉ်-၂၂ (DSA-22)ကို တက်ရောက်ခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် ကျောင်းဆင်းခဲ့သည်။ ၁၉၈၁ ခုနှစ်မှ ၂၀၀၁ ခုနှစ်အတွင်း အမြောက်တပ်ရင်း၊ ခြေလျင်ခြေမြန်တပ်ရင်းများ၊ တပ်ရင်းဌာနချုပ်များတွင် တပ်စုမှူး၊ တပ်ခွဲမှူး၊ စစ်ဦးစီးမှူးတတိယတန်း၊ စစ်ဦးစီးမှူး ဒုတိယတန်း၊ ဒုတိယတပ်ရင်းမှူး၊ တပ်ရင်းမှူး တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ရခိုင်ပြည်နယ်၊ မင်းပြား အခြေစိုက် ခမရ-၃၇၉ တွင် တပ်ရင်းမှူးဖြစ်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ တပ်မတော် စစ်ဆေးရေးအရာရှိချုပ်ရုံးတွင် စစ်ဦးစီးမှူး(ပထမတန်း) - G1 တာဝန်ယူခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ်တွင် စစ်ဗျူဟာမှူးတာဝန်၊ ၂၀၀၅ ခုနှစ်၌ အမှတ်-၁၀ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်တွင် စစ်ဆင်ရေးကွပ်ကဲ ရေးမှူးတာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးသင်တန်းကျောင်း(ဗထူး) ကျောင်းအုပ်ကြီး ဖြစ်လာသည်။ ၂၀၀၈ ခုနှစ်တွင် ဗိုလ်ချုပ်ရာထူးဖြင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဖြစ်လာခဲ့ပြီး ၂၀၁၁ ခုနှစ်အထိ တိုင်းမှူးနေရာမြဲခဲ့သည်။ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ရာထူးမတိုးခင် လပိုင်းအလို တွင် နေပြည်တော်ကို ကွပ်ကဲရသည့် အမှတ်-၆ စစ်ဆင်ရေးအထူးအဖွဲ့မှူး(ကစထ)အဖြစ် ဒုတိယဗိုလ်ချုပ်ကြီးရာထူးဖြင့် ခန့်အပ်ခံရသည်။ ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (နအဖ) ဗိုလ်ချုပ်ကြီး များ ရာထူးကနေ အနားယူကြချိန်တွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)အဖြစ် ရာထူးတိုးမြှင့်ခံရကာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနေရာကို ဆက်ခံသူဖြစ်လာခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် စစ်တိုင်းတခုကိုသာ ကွပ်ကဲဖူးပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာ ခဲ့သည်။ စစ်သားပီသသူ၊ လက်အောက်ကို အလေးထားသူ၊ နိုင်ငံရေးတွင် ဝင်မပါလိုသူအဖြစ် အောက်ခြေအရာရှိစစ်သည် များက ရှုမြင်ကြသည်။ ထို့အပြင် စစ်မှုထမ်းသက်တမ်းတလျှောက်တွင် ကိုယ်ပိုင်အကျိုးစီးပွားကြောင့် နာမည်ပျက်မရှိသူ ဟုလည်း ဆိုကြသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၎င်းနှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနေရာတွင် ဆက်ခံမည့်သူ များကို ရှာဖွေရာ၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ တပည့်များ မဖြစ်ရေးကို အလေးပေး စဉ်းစားခဲ့သည်ဟု ဆိုကြသည်။ ထို့ကြောင့် စစ်ရေးထူးချွန်ပြီး နာမည်ပျက်မရှိသော ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအတွက် အခွင့်အလမ်းပေါ်ခဲ့ခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် ဖွဲ့စည်းခဲ့သော စစ်ကောင်စီ၊ ထို့နောက် ပြင်ဆင်ဖွဲ့စည်းခဲ့သော စစ်ကော်မရှင်တို့တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ထို့အပြင် စစ်ကော်မရှင်အဖြစ် ပြင်ဆင်မဖွဲ့စည်းခင်အထိ အစိုးရအဖွဲ့တွင်လည်း ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သည်။ စစ်တပ်ထောက်ခံသူများက ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို တပ်ချုပ် ရာထူးက ဖယ်ရှားကာ အရပ်ဘက်တွင် တာဝန်ယူစေပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းကို တပ်ချုပ်နေရာကို ယူစေချင်ကြ သည်။ ၂၀၂၆ ခုနှစ် မတ် ၄ ရက်တွင် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ၎င်းတာဝန်ယူထားသော ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ရာထူးကို စစ်ဘက်ရေးရာလုံခြုံရေးအဖွဲ့(စရခ) အရာရှိချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးထံ လက်လွှဲပြောင်းပေးခဲ့သည်။

# နောက်ဆက်တွဲ-၂။ ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ ကိုယ်ရေးအကျဉ်း



ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း အပတ်စဉ်-၇၇ (OTS-77) ကျောင်းဆင်းတဦးဖြစ်သည်။ OTS-77 သည် စစ်တက္ကသိုလ် အပတ်စဉ် (၃၀-၃၁) နှင့် ပြိုင်တမ်းဝင်ကာလ တူညီပါသည်။ လက်ရှိတွင် စစ်ကောင် စီ၏ တွဲဖက်အတွင်းရေးမှူးဖြစ်သကဲ့သို့ စစ်ခေါင်းဆောင်၏ ညာလက်ရုံးလည်းဖြစ်သည်။ ထောက်လှမ်းရေးနှင့် စစ်ကြောရေး ပြုလုပ်သည့် စစ်ဘက်ရေးရာလုံခြုံရေးအဖွဲ့၏ အရာရှိချုပ်ဖြစ်သည်။

အရာရှိငယ်ဘဝတွင် ခြေလျင်နှင့် ခြေမြန်တပ်ရင်းများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ဒုတိယဗိုလ်မှူးကြီးရာထူးဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် စစ်ဦးစီးမှူးပထမတန်း(G1)အဖြစ် တာဝန်ယူခဲ့သည်။ ထို့နောက် ဗိုလ်မှူးချုပ်ရာထူးဖြင့် ရန်ကုန်တိုင်း၊ အင်းတိုင်အခြေစိုက် တပ်မ-၁၁ ၏ တပ်မမှူးဖြစ်လာခဲ့သည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ထိုရာထူးဖြင့်ပင် တပ်မတော်ဆေးတက္ကသိုလ်၏ ကျောင်းအုပ်ကြီး ဖြစ်လာခဲ့သည်။ ၂၀၁၈ ခုနှစ် ဇွန်လ ၁၈ ရက်တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ် ဗိုလ်ချုပ်ရာထူးဖြင့် ခန့်အပ်ခံရသည်။ NLD အစိုးရ သက်တမ်းကုန်ခါနီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ၌ ပြည်ထဲရေးဝန်ကြီးနေရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေကို စရဖချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် အစားထိုးပြီးနောက် လစ်လပ်သွားသော စရဖချုပ်နေရာကို ဗိုလ်ချုပ်ရဲဝင်းဦး ရရှိခဲ့သည်။ တိုင်းမှူးအဖြစ်တာဝန်ယူပြီး နှစ်နှစ်မပြည့်ခင် စစ်တပ်ထိပ်ပိုင်းရာထူးကို ဒုတိယဗိုလ်ချုပ်ကြီးရာထူးဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။ ရာထူးတိုးခြင်းအကြောင်းရင်းကို ထိုစဉ်က စစ်တပ်သတင်းမှန်ပြန်ကြားရေးအဖွဲ့ ဗိုလ်မှူးချုပ် ဇော်မင်းထွန်း ရှင်းပြရာ၌ ဗိုလ်ချုပ်ရဲဝင်းဦးသည် အခြား စီနီယာနှင့် ဂျူနီယာတိုင်းမှူးများနှင့် နှိုင်းယှဉ်ပါက တပ်မတော်၏စွမ်းရည်သုံးရပ်ဖြစ်သော စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည် ပိုမိုပြည့်ဝခြင်းကြောင့် ခန့်အပ်ခြင်းဖြစ်သည်ဟု ဆိုခဲ့သည်။ ကာလတိုအတွင်း ရာထူးအတက်မြန်ခြင်းသည် စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မိသားစုနှင့် ရင်းနှီးသောကြောင့်ဖြစ်သည်ဟု ဆိုကြသည်။ ရန်ကုန်တိုင်းစစ်ဌာနချုပ်အတွင်း စစ်ဦးစီးမှူးပထမတန်း(G1) ဗိုလ်မှူးကြီးဘဝကတည်းက စစ်ခေါင်းဆောင်မိသားစုနှင့် ရင်းနှီးခဲ့ကြသည်။ မိသားစုဝင်ချင်းပါ ရင်းနှီးသဖြင့် အာဏာသိမ်းမှုအလွန်တွင် မင်းအောင်လှိုင်၏ အပါးတော်မြဲ ဖြစ်လာခဲ့သည်။ စရခကို ကွပ်ကဲရသောကြောင့် စစ်ခေါင်းဆောင်၏ နားနှင့် မျက်စိ ဖြစ်လာခဲ့သည်။ ထို့အပြင် စစ်ကောင်စီတွင် တွဲဖက်အတွင်းရေးမှူးရာထူးရခဲ့သည်။ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ဗိုလ်ချုပ်ကြီးရာထူးသို့ တိုးမြှင့်ခံခဲ့ရသည်။ ၂၀၂၅ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် စစ်ကောင်စီမှ စစ်ကော်မရှင်သို့ ပြောင်းလဲဖွဲ့စည်းချိန်တွင် အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကာလုံရုံးအဖွဲ့၏ တွဲဖက်အမှုဆောင်အရာရှိချုပ်အဖြစ်လည်းကောင်း တာဝန်ယူထားသည်။

ထူးခြားချက်မှာ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးပြီးချင်း အရန်အင်အားရောက်နေရာကနေ တပ်၏ နံပါတ်သုံးဖြစ်လာသည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး (DSA-25)နှင့် ခမည်းခမက်တော်စပ်သူ ဖြစ်သည်။ လက်ရှိတွင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးမှာ ကာကွယ်ရေးဝန်ကြီးဖြစ်သည်။ ၂၀၂၆ ခုနှစ် မတ် ၄ ရက်တွင် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တာဝန်ယူရသော ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ရာထူးကို လက်လွှဲရယူခဲ့သည်။

PROMOTING LEADERSHIP AND
STRENGTHENING CIVIC PARTICIPATION

## မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု

၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာပြည်ဖွား Think Tank အဖွဲ့ဖြစ်ပါသည်။

---

**‘နေပြည်တော်လိုဂျီ ဆန်းစစ်မြင်ကွင်း - အုပ်စိုးမှုစနစ် ဏ္ဍရိယာပုတ်အပြောင်းအလဲနှင့် စောင့်ကြည့်ရမည့် ဟန်ချက်လေးရပ်’** ISP Outlook အမှတ်-၁ ကို ၂၀၂၆ ခုနှစ် မတ် ၁၇ ရက်တွင် မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု (ISP-Myanmar)က ထုတ်ဝေပါသည်။ ISP-Myanmar က လုပ်ဆောင်နေသော သုတေသနနယ်ပယ်နှင့် ဆက်စပ်မှုရှိခြင်းကိုအခြေပြုပြီး (၁) Tracker (၂) Situation Brief (၃) Policy Brief (၄) Flash Update (၅) ISP OnPoint (၆) The State of Myanmar (၇) ‘ISP နှင့်အတူ မိနစ် ၃၀’ ဆွေးနွေးမှု အစီအစဉ်တို့ကိုလည်း စဉ်ဆက်မပြတ် ထုတ်ဝေဖြန့်ချိနေပြီး ISP-Myanmar ၏ ဝက်ဘ်ဆိုက်တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

+၆၆ ၈၀၇ ၇၄၇ ၉၇၁၂

စာတိုက်သေတ္တာအမှတ် ၁၄၉၊ ချင်းမိုင်တက္ကသိုလ်စာတိုက်၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ။

info@ISPMyanmar.com | www.ISPMyanmar.com